
မိမိကိုယ်မိမိ မောင်းနှင်ရေးစွမ်းအားများ ရယူခြင်း


စိတ်ကူးချိုချိုအနုပညာ

# ကိုယ်တိုင်ကြိုးစားခြင်းမှ ကိုယ်ပိုင်ရယူခြင်းသို့

ဂျွန် -မြန်မာပြန်



mgyoe.com



မရောက်ဘူးသာ ပြောနေတယ်

ရောက်အောင် သွားလို့လား

မရဘူးသာ ပြောနေတယ်

ရအောင် ယူလို့လား

နှေးလွန်းတယ်သာ ပြောနေတယ်


အရှိန် မြှင့်လို့လား . . . . .





MOVE YOUR BUS

by Ron Clark ကို မှီငြမ်းပြန်ဆိုထားပါတယ်။





AH0107

1,200.00 KS

mgyoe.com

mgyoe.com

ကိုယ်တိုင်ကြိုးစားခြင်းမှကိုယ်ပိုင်ရယူခြင်းသို့၊ ဂျွန်
စာမျက်နှာ ၇၆+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကိုယ်တိုင်ကြိုးစားခြင်းမှ ကိုယ်ပိုင်ရယူခြင်းသို့

(မိမိကိုယ်ကိုယ်မောင်းနှင်ရေးနည်းနာများ)

## MOVE YOUR BUS

Ron Clark

ငွန်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ

**စကားဦး**
**မိတ်ဆက်စကား**

အပိုင်း (၁) ၁

၁။ ရှေ့ကနေဦးဆောင်ပြီး ကြိုးစားလုပ်ကိုင်နိုင်စွမ်း
ရှိသူတို့အတွက် အထောက်အပံ့များ လိုအပ်သည် ... ၅

၂။ ဖြည်းဖြည်းမှန်မှန် ကြိုးစားသူတို့အတွက်
ကြောင်းကျိုးညီညွတ်မှု ရှိစေသင့်ပါတယ်... ၈

၃။ အပြိုင်အဆိုင် လုပ်ကိုင်နိုင်စွမ်းရှိသူတွေက လှုံ့ဆော်
တိုက်တွန်းမှုတွေ ကင်းမဲ့နေတတ်ကြပါတယ်... ၁၂

၄။ ထိန်းချုပ်မောင်းနှင်သူအဖြစ် ဟန်ဆောင်ခြင်းက
ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်... ၁၅

၅။ စစ်မှန်သော မောင်းနှင်သူတွေက အဖွဲ့အစည်းတစ်ခုလုံး၏
ဦးတည်ရာကို မှန်ကန်စွာ ထိန်းကျောင်းပေးပါတယ်... ၁၇

– သင် ဘယ်လောက်ပဲ စမတ်ကျကျ ကျွန်ုပ် အရေး
မစိုက်ပါ။ သင့်ဆီမှာ အလုပ်နဲ့ပတ်သက်တဲ့

mgyoe.com

mgyoe.com

ကျင့်ဝတ်သိက္ခာက အခိုင်အမာ မရှိခဲ့ရင်..
ရည်မှန်းချက် ကိုယ်စားပြုတဲ့ ဘတ်စ်ကားရဲ့အရှိန်ကို
လျော့ကျ နှေးကွေးသွားစေပါလိမ့်မယ်.... ၂၀

– ရှေ့ကနေ ဦးဆောင်လုပ်ကိုင်ပေးနိုင်သူများကို
လိုအပ်သလို ထိန်းကျောင်းတည့်မတ်ပေးနိုင်ခြင်းဟာ
အခြားသော စွမ်းဆောင်ရည်ကောင်းရှိသူများထက်ပိုပြီး
အကျိုးသက်ရောက်မှုကောင်းတွေ ရရှိနိုင်ပါတယ်... ၂၃

အပိုင်း (၂) ၂၅

– ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားကို
ဘယ်လိုအရှိန်မြင့်တက်အောင် လုပ်မလဲ ၂၅

၆။ စောစောရောက်အောင်သွားပေးပါ... ၂၇

၇။ ကောင်းမွန်စွာ ဝတ်စားဆင်ယင်ပါ... ၃၀

၈။ ရင်းနှီးစွာ နှုတ်ဆက်စကားဆိုပါ... ၃၂

၉။ ရှေ့ကနေ ဦးဆောင်လုပ်ကိုင်သူများနှင့်အတူထိုင်ခြင်း... ၃၃

၁၀။ လိုအပ်သောအကူအညီများ တောင်းခံပါ... ၃၅

၁၁။ ပြစ်တင်ဝေဖန်မှုများအား ကျေနပ်စွာ လက်ခံပေးပါ... ၃၇

၁၂။ လေကာမှန်အား သန့်စင်အောင်ဆေးကြောခြင်း... ၄၁

၁၃။ သတိပေးချက်ကို ဂရုစိုက်ခြင်း... ၄၃

၁၄။ သင့်ဘက်က ပြောဆိုခြင်းထက် နားထောင်ခြင်းကို
များများလုပ်ပါ... ၄၅

၁၅။ သင့်လမ်းကြောင်းထဲမှာပဲ နေပေးပါ... ၄၇

– စေတနာကြောင့် မလိုလားအပ်ဘဲ
ကြန့်ကြာတတ်သည်... ၄၈

၁၆။ ယဉ်ကျေးမှုကို အပြောင်းအလဲလုပ်နိုင်ဖို့
စကားပြောဆိုသောပုံစံကို ပြောင်းလဲပေးပါ... ၅၀

mgyoe.com

mgyoe.com

၁၇။ ရှေ့ကနေ ဦးဆောင်လုပ်ကိုင်သူတွေကို
ဆုလာဘ်တွေ ဆွတ်ခူးခွင့်ပြုပေးပါ... ၅၂
၁၈။ စိတ်ခံစားချက်ရှိသည့်အတိုင်း
ပွင့်လင်းစွာ ထုတ်ဖော်ပြသပါ... ၅၃
၁၉။ ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေပါ... ၅၅
၂၀။ သင်လုပ်ကိုင်နေသောအလုပ်က သင့်ဂုဏ်ထူးဆောင်ပြီး
သင်ပိုင်ဆိုင်ခြင်းမရှိတာကို သတိပြုပါ... ၅၆
၂၁။ ယုံကြည်စိတ်ချခြင်းခံရသူဖြစ်အောင် ကြိုးစားပါ... ၅၈
၂၂။ မှာကြားချက်များအား အသေးစိတ်ကအစ
အလေးအနက်နားထောင်ပါ... ၆၀
(၁) မကောင်းသောကိစ္စရပ်များအား မမြင်မတွေ့ခြင်းနှင့်
မရည်ရွယ်ဘဲ ပျံ့နှံ့ရောက်ရှိစေခြင်း ၆၁
(၂) ဆင်ခြေမပေးပါနှင့် ၆၂
(၃) သင့်ကိုယ်ရေးကိုယ်တာကြောင့် တစ်ဖက်သားနှင့်
အလုပ်ခွင်ကို ထိခိုက်စေခြင်း မရှိရပါ ၆၂
(၄) သင့်ကိုယ်သင် ထူးကဲသူတစ်ယောက်အဖြစ်
မယူဆပါနှင့် ၆၃
(၅) လုပ်ငန်းကို ကောင်းမွန်စွာ ပြီးဆုံးစေရုံမျှမလုပ်ဘဲ
ကျွမ်းကျင်တဲ့ အရည်အသွေးတွေကိုပါ ပေါ်လွင်အောင်
ဖော်ပြနိုင်အောင် ကြိုးစားပါ ၆၃

အပိုင်း (၃) ၆၅

၂၃။ ရှေ့ကနေ ဦးဆောင်လုပ်ကိုင်သူများအား
ထူးချွန်သူများ ဖြစ်စေခြင်း... ၆၅
၂၄။ ဖြည်းဖြည်းနှင့်မှန်မှန် ကြိုးစားသူများအား ကူညီခြင်း... ၆၈
၂၅။ စမတ်ကျကျ လုပ်ကိုင်တတ်သူတွေက လုပ်ငန်းကို

mgyoe.com

mgyoe.com

ဘယ်လိုတိုးတက်အောင် လုပ်နိုင်စွမ်းရှိပါသလဲ... ၆၉
၂၆။ သင့်မျှော်လင့်ချက်များအတိုင်း ပြည့်မီစေခြင်း... ၇၀
၂၇။ ပြဿနာဖြစ်လာတဲ့အခါ ပြဿနာဖြစ်ရတဲ့
အရင်းအမြစ်ဆီသို့ တည့်တည့်သွားပြီး စိစစ်ပေးပါ... ၇၂
၂၈။ တန်ဖိုးထားလေးစားမှုကို ဖော်ပြပါ... ၇၃
၂၉။ အပြိုင်အဆိုင်ကြိုးစားရခြင်းအပေါ် ပျော်ရွှင်ကျေနပ်ခြင်း... ၇၄
၃၀။ ကျွန်ုပ်တို့ ဒီနေရာကနေ ဘယ်အထိသွားနိုင်မလဲ... ၇၅

❑

mgyoe.com

mgyoe.com

# စကားဦး

ကျွန်ုပ်တို့လို စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ နေ့စဉ်ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေက များစွာရှိနေခဲ့ပါတယ်။ စိန်ခေါ်မှုတွေထဲမှာ လုပ်ငန်းစု အလိုက် ခန့်အပ်ထားတဲ့ မန်နေဂျာတွေထဲက တစ်ယောက်ယောက်က မကျေ နပ်တာ (သို့) မန်နေဂျာသစ်တစ်ယောက်၊ ဖောက်သည် တစ်ယောက်ယောက် က မကျေနပ်တာတွေပါ ရှိနေတတ်ပါတယ်။

တစ်ခါတလေ ကျွန်ုပ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုတွေ အကောင်းဆုံး ကြိုးစားအားထုတ်မှုတွေကို အနှောင့်အယှက်ပေးနိုင်တယ်လို့ ထင်ရတဲ့ လုပ် ဖော်ကိုင်ဖက် တစ်ယောက်ယောက်ကို အကောင်းဆုံး ထိန်းချုပ်ဖေးမနိုင်ရေး တွေကလည်း ကျွန်ုပ်တို့ရင်ဆိုင်ဖြေရှင်းရတဲ့ ပြဿနာတွေထဲမှာ ပါဝင်နေ တတ်ပါတယ်။

သင်က ဘော့စ်တစ်ယောက်ဖြစ်တယ်ဆိုရင် သင်ကိုင်တွယ်အုပ်ချုပ်တဲ့ လုပ်ငန်းစု အသင်းအဖွဲ့တစ်ခုစီကို ပိုမိုကောင်းမွန်တိုးတက်အောင် လုပ်ငန်း များ လျှင်လျှင်မြန်မြန်နဲ့ စမတ်ကျကျ ပြီးစီးအောင်မြင်အောင် အတတ်နိုင်ဆုံး နဲ့ အကောင်းဆုံး အကူအညီပေးမှာ ဖြစ်ပါတယ်။

အကယ်၍ သင်က ဝန်ထမ်း/အလုပ်သမားတစ်ယောက်ဖြစ်တယ်ဆိုရင် သင်တာဝန်ယူရတဲ့ လုပ်ငန်းကဏ္ဍကို အကောင်းဆုံးဖြစ်အောင် အားထုတ် ကြိုးစားမှာ ဖြစ်သလို အလုပ်ကဏ္ဍတစ်ခုချင်းစီအလိုက် တိုးတက်မှုနှင့် ပတ်

mgyoe.com

mgyoe.com



သက်၍လည်း ကျေနပ်စွာ ဂုဏ်ယူခြင်း၊ အစစအရာရာ သတိထားခြင်းတွေ ရှိနေပါလိမ့်မယ်။

ကျွန်ုပ်တို့အနေနဲ့ အလုပ်ရှင် (ဘော့စ်) နေရာကဖြစ်စေ၊ အလုပ်သမား ဝန်ထမ်းနေရာကဖြစ်စေ ကျွန်ုပ်တို့ တာဝန်ယူ၊ တာဝန်ခံလုပ်ကိုင်သော အလုပ်တွေကို အကောင်းဆုံးလုပ်ကိုင်ဖို့ တာဝန်ရှိသူတွေ ဖြစ်ပါတယ်။ စာရေးသူ (စီးပွားရေးလုပ်ငန်းရှင်) 'ရွှန်ကလာ့ခ်' က သူဦးဆောင်တဲ့ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးကို အထက်ပါအတိုင်း တာဝန်ယူမှု တာဝန်ခံမှုတွေနဲ့ အကောင်းဆုံး လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။

ကျွန်ုပ်တို့ကုမ္ပဏီဟာ 'ရွှန်ကလာ့ခ်' နဲ့ နှစ်အတော်ကြာကြာ လက်တွဲလုပ်ကိုင်ခဲ့ဖူးပါတယ်။ သူဟာ ၂၀၀၀ ပြည့်နှစ်အတွင်း အမေရိကန်ပြည်ထောင်စုတစ်လွှားမှာ ကျောင်းဆရာတစ်ယောက်အဖြစ် ရပ်တည်ခဲ့သူဖြစ်ပါတယ်။ သူဟာ ကျောင်းဆရာတစ်ယောက်အဖြစ် ရပ်တည်နေစဉ်အတွင်း အစစအရာရာ အစားထိုး ပြုပြင်ပြောင်းလဲခြင်းတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းစာသင်ခန်းစာတွေကတစ်ဆင့် အကောင်းဆုံး ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

'ရွှန်' ဟာ ထူးခြားအံ့ဩဖွယ်ကောင်းတဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်ပါတယ်။ သူဟာဒေါ်လာငွေသန်းပေါင်းများစွာ အကုန်ခံပြီး 'ရွှန်ကလာ့ခ်အကယ်ဒမီ' ကျောင်းကို တည်ထောင်ခဲ့သူဖြစ်ပါတယ်။ 'ရွှန်ကလာ့ခ်အကယ်ဒမီ' ဟာ ကမ္ဘာပေါ်မှာရှိတဲ့ ကျောင်းတွေအနက် အကောင်းဆုံးနဲ့ ထိပ်တန်းအကျဆုံးသော ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။

'ရွှန်' ရဲ့ကျောင်းမှာ စီးပွားရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်တွေကို အကောင်းဆုံးသင်ကြားပြီး ထူးချွန်စွာ မွေးထုတ်ပေးလိုက်နိုင်တဲ့ ကျောင်းသားတွေကလည်း သူတို့နဲ့ထိုက်တန်တဲ့ အလုပ်နေရာအသီးသီးမှာ ကျွမ်းကျင်အဆင့်နဲ့ တာဝန်ထမ်းဆောင်ခွင့်တွေ ရရှိခဲ့ကြပါတယ်။ 'ရွှန်' က 'ရွှန်ကလာ့ခ် အကယ်ဒမီ' ကို စတင်တည်ထောင်သူ အမှုဆောင်အရာရှိချုပ် (စီအီးအို) အဖြစ် တာဝန်ယူပြီး သူ့ဘဝတစ်သက်တာ အတွေ့အကြုံတွေကို သင်ခန်းစာ ဘာသာရပ်တွေအဖြစ် အသွင်ပြောင်း ပို့ချပေးခဲ့ပါတယ်။

mgyoe.com

mgyoe.com



'ရွှန်' က အတ္တလန်တာမှာရှိတဲ့ သူ့ရဲ့ 'စီးပွားရေးနဲ့ စီမံခန့်ခွဲရေး' ပညာသင်ကျောင်းသားတွေအတွက် ရှာဖွေကောက်ခံရရှိထားတဲ့ ရန်ပုံငွေနဲ့ များစွာ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ 'ရွှန်' ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးတဲ့ ကျောင်းရဲ့အဓိက ရည်ရွယ်ချက်ကတော့ သူ့ရဲ့လုပ်ငန်းဆောင်တာတွေကို ဖြစ်စေ၊ အခြားသော စီးပွားရေးလုပ်ငန်းကုမ္ပဏီများမှာ တာဝန်ထမ်းဆောင်တဲ့အခါဖြစ်စေ ပိုမို ထိရောက်သွက်လက်မှုရှိစေဖို့ ရည်ရွယ်ချက်ထားခြင်း ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းလောကရဲ့ ခေါင်းဆောင်တာဝန်ယူထားသူ အသီးသီးဟာ 'ရွှန်ကလာ့ခ်အကယ်ဒမီ' ရဲ့ လေ့ကျင့်ပျိုးထောင်မှုကို ကောင်းစွာရရှိထားပြီး သူတွေဖြစ်ပြီး ၎င်းတို့ကတစ်ဆင့် လက်အောက် ဝန်ထမ်းအသီးသီးကို ဆင့်ပွားလေ့ကျင့်ပျိုးထောင်မှုတွေ ဆက်လက်လုပ်ပေးနိုင်ခဲ့ပါတယ်။

သင့်လုပ်ငန်းတွေ တစ်နေ့တစ်ရက်ချင်းစီအလိုက် ဆက်တိုက် လျင်မြန်စွာ တိုးတက်နေစေဖို့ သင့်အနီးဝန်းကျင်မှာရှိတဲ့လူတွေကို လှုံ့ဆော်တိုက်တွန်းရာမှာ ရွှန်ကလာ့ခ်ရဲ့ နည်းလမ်းတွေက ထိရောက်စွာ အကူအညီပေးမှာဖြစ်ပါတယ်။ သင့်လုပ်ငန်းတွေကို ရည်မှန်းချက်ထားရှိထားတဲ့အတိုင်း ပြည့်ဝအောင်မြင်စေဖို့ ခေတ်တစ်လှမ်းရှေ့တိုးတိုင်း ရွှန်ကလာ့ခ်ရေးသားတဲ့ ဤစာအုပ်ပါ အချက်အလက်တွေကို အမှတ်ရပေးပါ။

❑

mgyoe.com

mgyoe.com

# မိတ်ဆက်စကား

ကျွန်တော် 'ရွှန်ကလာ့ခ်' ဟာ ကမ္ဘာပေါ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ စီးပွားရေးဆိုင်ရာ ပညာသင်ကျောင်းများ၊ စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုပညာရပ်ဆိုင်ရာ သင်တန်းကျောင်းတွေအတွက်များစွာ အထောက်အကူပြုမယ့် ကမ္ဘာကျော် ကျောင်းတစ်ကျောင်းကို ရည်မှန်းချက်ရှိရှိ တည်ထောင်နိုင်ခဲ့ပါတယ်။

ကျွန်တော်က ထောင်ချီသောအရေအတွက်ရှိတဲ့ သင်တန်းသားတွေအတွက် အချိန်ပြည့်သင်ကြားရေး အစီအစဉ်ကို တာဝန်ယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တည်ထောင်တဲ့ကျောင်းနဲ့ ကျောင်းသားတွေအတွက် လိုအပ်တဲ့ရန်ပုံငွေကိုလည်း အတတ်နိုင်ဆုံး ရှာဖွေခဲ့ရပါတယ်။ နောက်ပြီး ကမ္ဘာနိုင်ငံအသီးသီးမှာရှိတဲ့ ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ တာဝန်ယူဆောင်ရွက်လုပ်ကိုင်ပေးနေတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေဆီကို မကြာခဏ သွားရောက်ပြီး အောင်မြင်မှုရရှိရေးအစီအစဉ်တွေ ချမှတ်လမ်းပြ ပေးခဲ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ကြုံကြိုက်တုန်း ထူးခြားတဲ့ လူငယ်လေးတစ်ယောက်ရဲ့အကြောင်းကို ပြောပြလိုပါတယ်။ အဲ့ဒီလူငယ်လေးရဲ့ နာမည်ကတော့ 'အန်ဒီ' ဖြစ်ပြီး သူ အလုပ်စလုပ်ဖို့အတွက် ကျောင်းကနေ ထွက်ခဲ့တာ ဖြစ်ပါတယ်။ အန်ဒီဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ် စတင်ဝင်လုပ်ခဲ့သော်လည်း သူလုပ်ကိုင်တဲ့အလုပ်ကနေ ဘာတွေအကျိုးအမြတ်ရမယ်၊ ဘယ်လို အကျိုး

mgyoe.com

mgyoe.com



အမြတ်တွေအတွက် ဘယ်ပုံဘယ်နည်းနဲ့ ကြိုးစားအားထုတ်ရမယ် ဆိုတာကို လုံးဝမသိခဲ့သူဖြစ်ပါတယ်။

'အန်ဒီ' ဟာ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်အပိုင်းကဏ္ဍကိုမှ ဂဃနဏမသိခဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်ကာလ အနည်းငယ်အတွင်း သူ့အနီးဝန်းကျင်ကလူတွေ ဘယ်လိုလုပ်ကိုင် ဆောင်ရွက်တယ်၊ လုပ်နည်းလုပ်ဟန်တွေက ဘယ်လိုရှိတယ်ဆိုတာတွေကို တဖြည်းဖြည်း နားလည်သဘောပေါက်လာခဲ့ပါတယ်။ 'အန်ဒီ' ဟာ ကျွန်တော်လေ့ကျင့်သင်ပြပေးတဲ့ နည်းလမ်းတွေအတိုင်း အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ရင်း တဖြည်းဖြည်း အရှိန်ရပြီး အောင်မြင်လာသူ ဖြစ်ပါတယ်။

သင့်အနေနဲ့ လုပ်ငန်းအဖွဲ့အစည်းကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သူ ဖြစ်လာစေဖို့အတွက် သင့်စရိုက်လက္ခဏာ အမူအကျင့်တွေထဲက ဘယ်လိုအရာတွေက သင့်လုပ်ငန်းအတွက် အံဝင်ခွင်ကျဖြစ်စေနိုင်တယ် ဆိုတာကို ဦးစွာ စဉ်းစားဖို့လိုပါတယ်။ ဒီတော့ သင်က အောက်ပါ အမူအကျင့်အမျိုးမျိုးတွေထဲမှာ တစ်ဦးတစ်ယောက်အဖြစ် ပါဝင်နေတာကို တွေ့ရပါလိမ့်မယ်။

*** အောက်ဖော်ပြပါတို့အနက်မှ သင်ကဘယ်သူဖြစ်သနည်း..**

- သင်ဟာ တစ်ချိန်က ကုမ္ပဏီရဲ့ မှာကြားချက် စာရွက်စာတမ်းတွေကို တစ်နေရာကနေတစ်နေရာ သယ်ယူပို့ဆောင် ဆက်သွယ်ပေးရတဲ့သူ ဖြစ်ခဲ့ပြီး လက်ရှိအချိန်မှာ အတိတ်တစ်ချိန်က ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရသူ ဖြစ်နေနိုင်ပါတယ်။
- သင်ဟာ ကုမ္ပဏီအတွက် တတ်စွမ်းသမျှ ကြိုးစားလုပ်ကိုင်ပေးသော်လည်း သင့်အရည်အချင်းတွေက ဘော့စ်ဖြစ်သူ စိတ်ကျေနပ်စေတဲ့အထိ မပေါ်လွင်ဘဲ ရှိနေနိုင်ပါတယ်။
- သင်က လုပ်ငန်းအဖွဲ့အစည်းအတွင်း သူများတွေထက် လစာလျော့နည်းစွာရရှိသူ အလုပ်တာဝန်များကို ပိုမိုဆောင်ရွက် ပေးရသူ တစ်ယောက် ဖြစ်နေနိုင်ပါတယ်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း(၁)

မိမိ ရည်မှန်းချက်ထားရှိထားတဲ့အတိုင်း လက်တွေ့တိုးတက်အောင်မြင်မှုကို ကိုယ်ပိုင်အဖြစ်ရယူခံစားနိုင်ဖို့ အရာရာကို ကိုယ်တိုင်ကိုယ်ကျ လုပ်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဘတ်စ်ကားတစ်စီးကို တစ်နေရာကနေ တစ်နေရာစီ ရွှေ့လျားစေပြီး ခရီးဆက်နိုင်အောင် ကိုယ်တိုင်ကိုယ်ကျ ထိန်းချုပ်မောင်းနှင်ရပုံနဲ့ ဆင်တူလှပါတယ်။

ကျွန်ုပ်တို့ရဲ့ တိုးတက်အောင်မြင်မှုတွေကို ကိုယ်ပိုင်အဖြစ် ခံစားနိုင်စေဖို့ အောင်မြင်မှုဆိုတဲ့ ပန်းတိုင်ဆီရောက်ရှိအောင် ရည်မှန်းချက်ကိုယ်စားပြုတဲ့ ဘတ်စ်ကားကို ကျွန်ုပ်တို့ကိုယ်တိုင် မောင်းနှင်ရပါလိမ့်မယ်။ ရည်မှန်းချက်ကိုယ်စားပြုတဲ့ ဘတ်စ်ကားကို မောင်းနှင်ရာမှာလည်း ဘတ်စ်ကားက တစ်နေရာပြီး တစ်နေရာ၊ တစ်ဆင့်ပြီးတစ်ဆင့် သိသိသာသာ ခရီးရောက်ဖို့ လိုပါတယ်။

လုပ်ငန်းအသင်းအဖွဲ့ တစ်ခုလုံးမှာရှိတဲ့ လူတွေအားလုံး ဟန်ချက်ညီစွာ မောင်းနှင်နိုင်မှသာ ဘတ်စ်ကားကလည်း အခက်အခဲမရှိ ခရီးရောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော် ပထမဆုံး စာစသင်တဲ့အချိန်တုန်းက သတိပြုမိခဲ့တဲ့ ကိစ္စအချို့ရှိပါတယ်။ အဲ့ဒါကတော့ ဆရာအတော်များများဟာ စာသင်

mgyoe.com

mgyoe.com


နေ့ချိန်အတွင်း သူတို့ရဲ့စားပွဲမှာပဲ တစ်ချိန်လုံး ထိုင်နေခြင်းပဲ ဖြစ်ပါတယ်။

ဆရာလုပ်သူတွေက တစ်ချိန်လုံး စာသင်ခန်းရဲ့စားပွဲမှာပဲ စွဲမြဲစွာ ထိုင်နေတတ်တာကြောင့် ကျောင်းသားတွေဘက်က တုံ့ပြန်ပြောဆို ပြုမူ ဆောင်ရွက်ချက်တွေ၊ ရှိရင်းစွဲ စွမ်းအင်တွေက သိသာအားရတဲ့အခြေအနေ မရှိတာကို တွေ့ရှိရပါတယ်။ အချို့သော ဆရာလုပ်သူတွေကတော့ သူတို့ရဲ့ စားပွဲမှာ အစဉ်အမြဲ ထိုင်နေတတ်ခြင်းမရှိဘဲ မတ်တတ်ရပ် သင်ကြားလေ့ရှိကြတယ်။ ပြီးတော့ စာသင်ခန်းထဲမှာ လှည့်ပတ်သွားလာပြီး ကျောင်းသားတွေနဲ့ အနီးကပ် ထိတွေ့ဆက်ဆံတယ်။ သင်ကြားနေတဲ့ ဘာသာရပ်နဲ့ဆိုင်တဲ့ သင်ခန်းစာတွေ အပြင် အခြားသော ပြင်ပမေးခွန်းတွေ မေးတာ၊ လုပ်ငန်းနဲ့စပ်ဆိုင်တဲ့ အတွေ့အကြုံ ဗဟုသုတတွေကို မေးမြန်းဆွေးနွေးတာတွေ လုပ်တတ်ကြပါတယ်။

ဒီအခါ ကျောင်းသားတွေဘက်က တက်ကြွခြင်း၊ စိတ်ဝင်တစားရှိခြင်း၊ ဆရာလုပ်သူနဲ့ ဆွေးနွေးဖို့ စိတ်အားထက်သန်ခြင်းတွေ ဖြစ်လာပြီး တုံ့ပြန်ဖြေဆိုချက်တိုင်းမှာ အသက်ပါနေမှာ ဖြစ်ပါတယ်။ ဆရာလုပ်သူတွေက စာသင်ခန်းထဲမှာ အနားမနေ လှည့်လည်သွားလာရင်း ကျောင်းသားတွေနဲ့ ထိတွေ့ဆက်ဆံပြောဆိုပေးခြင်းဟာ အဲ့ဒီ ဆရာအမျိုးအစားတွေက ကျောင်းသားတွေအတွက် ထူးခြားတဲ့စွမ်းအင်တွေ ယူဆောင်လာပေးသူတွေအဖြစ် ရပ်တည်တဲ့သဘောကို ဆိုလိုပါတယ်။

ထူးခြားချက်အနေနဲ့ ဆရာလုပ်သူတွေက ကျောင်းသားတစ်ဦးချင်းစီရဲ့ အနားကို ခြေတစ်လှမ်းတိုးသွားတိုင်း အဲ့ဒီကျောင်းသားတွေက ဆရာလုပ်သူကို တုံ့ပြန်ဖြေဆိုဖို့ အဖြေတစ်ခုစီ ကိုယ်စီပြင်ဆင်ထားနိုင်တာကို တွေ့ရပါတယ်။ နောက်ထပ် ထူးခြားတဲ့ ဆရာအုပ်စုတစ်စုကလည်း သီးခြား ရှိနေပြန်တာကို တွေ့ရပါတယ်။ အဲ့ဒီဆရာတွေကတော့ စာသင်ခန်းထဲမှာ လုံးဝ ထိုင်ခြင်းမရှိသလို ကျောင်းကိုလည်း အစဉ်အမြဲတစ်ခုခု အရေးကြီးနေတဲ့ ပုံစံနဲ့ ရောက်လာတတ်ပါတယ်။

အဲ့ဒီဆရာအမျိုးအစားတွေဆီမှာ ကော်ဖီသောက်ချိန်၊ နေ့လယ်စာ စားချိန်တွေရယ်လို့ သတ်သတ်မှတ်မှတ် မရှိတတ်ပါဘူး။ သူတို့ရဲ့ထုံးစံအရ ကျောင်းကို သူများထက် စောစီးစွာ ရောက်တတ်ကြပြီး သူများတွေထက် နောက်ကျမှအိမ်ပြန်တတ်ကြပါတယ်။ စာသင်ခန်းထဲမှာ တစ်ချိန်လုံး ထိုင်နေ

mgyoe.com

တတ်တဲ့ ဆရာတွေဟာ ညနေ သုံးနာရီခွဲတာနဲ့ အိမ်ကို ပြန်တတ်ကြပါတယ်။ စာသင်ခန်း တစ်ခန်းစီမှာရှိတဲ့ ထူးချွန်စွာအောင်မြင်တဲ့ ကျောင်းသားတွေကို လေ့လာသုတေသနပြုရာမှာ သူတို့ကို သင်ကြားလေ့ကျင့်ပေးတဲ့ ဆရာတွေနဲ့ တိုက်ရိုက်ပတ်သက် ဆက်စပ်မှုရှိတဲ့အကြောင်း၊ အချို့သော ကျောင်းသားတွေဟာ ဆရာနဲ့ အနီးကပ်ထိတွေ့ပြီး ရဲဝံ့စွာ မေးမြန်းဖြေဆိုခြင်းတွေ လုပ်နိုင်တာကြောင့် ထူးချွန်စွာ အောင်မြင်ကြောင်း လေ့လာသိရှိရပါတယ်။ အများဆုံး သိသာစွာ တွေ့ရှိရတဲ့အချက်တွေကတော့ ဆရာလုပ်သူက ကျောင်းသားတွေကို တက်တက်ကြွကြွ အားမာန်အပြည့်နဲ့ သင်ကြားပေးတာကြောင့် ကျောင်းသားတွေဘက်က စိတ်အားထက်သန်မှုရှိလာပြီး တုံ့ပြန် ဖြေဆိုချက်တွေကလည်း ထိမိမှုရှိလာခြင်းပဲ ဖြစ်ပါတယ်။

ဆရာတစ်ယောက်ဖြစ်လာတဲ့အခါ ဘယ်ဘာသာရပ်ပညာကိုပဲ သင်ကြားသည်ဖြစ်စေ ကျောင်းသားတွေ စိတ်ပါလက်ပါ မှတ်သားချင်တဲ့စိတ်ဖြစ်ပေါ်လာအောင် စေ့ဆော်တိုက်တွန်းပေးနိုင်စွမ်းရှိဖို့ လိုပါတယ်။ ကျွန်တော်က သူများထက် ပိုမိုထူးချွန်ထက်မြက်ပြီး သူတကာတွေထက် စွမ်းဆောင်ရည် ကောင်းစွာ ရပ်တည်လိုတာကြောင့် သူတကာထက် ပိုမို သာလွန်စွာ ကြိုးစားရမယ်ဆိုတာကို ကောင်းစွာနားလည်ထားခဲ့ပါတယ်။

ဘယ်သူမဆို ကိုယ်တိုင်ကြိုးစားမှသာ ကိုယ်ပိုင်အောင်မြင်မှုကို ရရှိမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော့်ရဲ့ ယုံကြည်ချက်တွေ၊ ကျွန်တော်ရဲ့ ရည်မှန်းချက်တွေကို ကျွန်တော်သင်ကြားပေးမယ့် သင်ခန်းစာတွေအဖြစ် ပြောင်းလဲပေးပြီး ကျောင်းသားတွေရဲ့ အသိဉာဏ်ထဲ စွဲနေအောင် လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ တကယ်တော့ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေအရ ဆရာဖြစ်သူတွေဟာ လုပ်ငန်းကို စီမံခန့်ခွဲသူတွေဖြစ်ပြီး ကျောင်းသားတွေကတော့ ဝါစဉ်အလိုက် ရာထူးအဆင့်ဆင့်ရှိတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။

ဆရာဖြစ်သူ စီမံခန့်ခွဲရေး အရာရှိတွေနဲ့ ကျောင်းသားကိုရည်ညွှန်းတဲ့ ဝါစဉ်အလိုက် ဝန်ထမ်းတွေအားလုံးဟာ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို တိုးတက်အောင်မြင်ပြီး ပန်းတိုင်ကိုရောက်သွားစေဖို့ ရည်မှန်းချက် ကိုယ်စားပြုတဲ့ ဘတ်စ်ကားကို ဟန်ချက်ညီညီ မောင်းနှင်ရမယ့်သူတွေ ဖြစ်ပါတယ်။ သင်အပါအဝင် သင့်ဝန်ထမ်းတွေပိုင်တဲ့ ရည်မှန်းချက်ဘတ်စ်ကားဟာ ဘယ်လို

mgyee.com

mgyoe.com


ပုံစံ အရွယ်အစားပဲရှိရှိ ဘယ်လိုအရောင် ပါနေသည်ဖြစ်ဖြစ် သင့်အတွက် လက်တွေ့အလုပ်ဖြစ်ဖို့သာ လိုအပ်ပါတယ်။ သင့်အနေနဲ့ သင်နှင့်အတူ ရည်မှန်းချက်ဘဏ်စ်ကားကို ပူးတွဲမောင်းနှင်ပေးမယ့်သူတွေကို မှန်မှန် ကန်ကန် ရှာတွေ့ဖို့သာ လိုပါတယ်။

❑

mgyoe.com

## ရှေ့ကနေဦးဆောင်ပြီး ကြိုးစားလုပ်ကိုင်နိုင်စွမ်း ရှိသူတို့အတွက် အထောက်အပံ့များ လိုအပ်သည်...

'ယူဖတ်စ်' ဟာ ဘတ်စ်ကားကိုဆွဲတဲ့ များစွာသော လူတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ သူဟာ နေ့စဉ် ဘတ်စ်ကား ထားရာရုံဆီကို စောစီးစွာရောက်လာတတ်ပြီး အစဉ်အမြဲ တောက်ပြောင်သန့်စင်အောင် လုပ်ပေးလေ့ ရှိပါတယ်။ နောက်ပြီး သူက ကားရဲ့ဂီယာတွေကို အရန်သင့် ထိုးပေးထားတတ်တယ်။ ဘတ်စ်ကားကို စပြီး မောင်းပြီဆိုတာနဲ့ လေဟုန်ခွင်းဖို့ လေးညှို့က ထွက်လာတဲ့ မြားတစ်စင်းလို သွားနိုင်အောင် ပြင်ဆင်ပေးခြင်းသာ ဖြစ်ပါတယ်။

'ယူဖတ်စ်' က ဘတ်စ်ကားကို မောင်းနေရင်း သူ့မျက်နှာပေါ် လေက အရှိန်အဟုန်နဲ့ တိုးလာတာကို ရွှင်မြူးသဘောကျလေ့ ရှိတယ်။ 'ယူဖတ်စ်'က တစ်စုံတစ်ရာရဲ့ ထူးခြားတဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လိုတယ်။ ဒါကြောင့် သူက သူများထက်သာအောင် ကြိုးစားတယ်။ သူ့ဆီမှာ အရာရာပြီးမြောက်အောင်မြင်ဖို့အတွက် ထိရောက်တဲ့ နည်းလမ်းတွေလည်း ရှိနေတာ တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေမှာ 'ယူဖတ်စ်' လိုမျိုး အဓိကအရေးပါတဲ့သူတွေ မရှိမဖြစ် လိုအပ်လျက်ရှိတာကို တွေ့ရှိရပါတယ်။ 'ယူဖတ်စ်' အပါအဝင် သူလိုလူမျိုးတွေဟာ အလုပ်တွေကို ဘယ်လောက်ပဲ ပင်ပန်းစွာလုပ်ရသည်ဖြစ်စေ ဘယ်တော့မှ မညည်းညူတတ်ပါဘူး။ အများ

mgyoe.com

mgyoe.com
အားဖြင့် 'ယူဖတ်စ်' တို့လိုလူမျိုးတွေဟာ ဘတ်စ်ကားအပေါ် ဝန်တွေ ဘယ်လောက်ပဲတင်တင် စိတ်ပျက်ခြင်းမရှိတတ်သလို ဘယ်တော့မှလည်း မကျေမနပ် တိုင်တန်းပြောဆိုတာတွေ မရှိတတ်ပါဘူး။ အများအားဖြင့် သူတို့က အပြုသဘောဆောင်တဲ့ စိတ်ဓာတ်နဲ့ လုပ်ငန်းအောင်မြင်ရေးကိုသာ အဓိကထားတတ်သူတွေ ဖြစ်ပါတယ်။ နောက်ပြီး လုပ်ငန်းအပေါ်မှာ ကျင့်ဝတ်ကောင်းတွေ ထားရှိပြီး အောင်မြင်မှုရရှိရေးအတွက် နောက်ကွယ်ကနေ ထိထိရောက်ရောက် တွန်းအားပေးနိုင်တဲ့သူတွေလည်း ဖြစ်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းအတွက် ရှေ့ကနေဦးဆောင်ပြီး ကြိုးစား လုပ်ကိုင်နိုင်စွမ်းရှိတဲ့သူ (သို့) အရေးပါလွန်းတဲ့သူ (Runners) တွေဟာ သူတို့လုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်အပေါ်မှာ အစဉ်အမြဲ ဂုဏ်ယူတတ်ကြလေ့ရှိပါတယ်။ Runners တွေရဲ့ စွမ်းဆောင်ချက်တွေက အရေးပါအရာရောက်တာ ကြောင့် သူတို့အတွက် လိုအပ်သမျှတွေကို ထောက်ပံ့ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ကုမ္ပဏီလုပ်ငန်းတိုင်းရဲ့ Runners တွေဟာ သူတို့လက်ဝယ် ရှိနေတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့အရေးအတွက် သူတို့ရဲ့အတ္တကို ရှေ့တန်းတင်တတ်ကြပါတယ်။ သူတို့ လုပ်ကိုလုပ်ရမယ့် အလုပ်တွေအတွက် စိတ်နေစိတ်ထားကို မှန်ကန်စွာထားရှိပြီး မဖြစ်ဖြစ်အောင် လုပ်တတ်ကြပါတယ်။ Runners တွေဟာ အစည်းအဝေးတွေကို တက်ရောက်တိုင်းမှာလည်း အခြားလူတွေရဲ့ စိတ်ကူးကောင်းတွေကို တလေးတစား စိတ်ဝင်တစား နားထောင်တတ်ကြပြီး သူတစ်ပါးရဲ့ ဆုံးဖြတ်ချက်တွေအပေါ်မှာလည်း ဘယ်တော့မှ အနှောင့်အယှက် မပေးတတ်ကြပါဘူး။

ကျွန်တော်က အမှုဆောင်အရာရှိတွေ၊ ဒါရိုက်တာအဖွဲ့ဝင်တွေနဲ့ အစည်းအဝေးလုပ်တိုင်း တက်ရောက်လာတဲ့ Runners တွေကို သတိထား အကဲခတ်ကြည့်ခဲ့ပါတယ်။ ဒီတော့ Runners တွေက ဘယ်လိုစကားတွေ ပြောဆိုတယ်၊ ဘယ်လိုအပြုအမူတွေ ရှိတတ်တယ်ဆိုတာကိုပါ သိလာရပါတယ်။ Runners တွေဟာ အလုပ်ခွင်အတွင်း စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး အလုပ်လုပ်ရခြင်းအပေါ် ပျော်ရွှင်တတ်ကြပြီး သူတို့ရဲ့ ကိုယ်ပိုင်ဘဝအခြေအနေတွေနဲ့ ပတ်သက်ပြီး ဥပေက္ခာပြုထားတတ်ကြပါတယ်။

တစ်နည်းအားဖြင့် Runners တွေဟာ လုပ်ငန်းအဖွဲ့အစည်းတွေရဲ့
mgyoe.com

ခိုင်မာတဲ့ကျောရိုးတွေအဖြစ် ရပ်တည်ပေးနိုင်သူတွေဖြစ်ပါတယ်။ အရေးတကြီး သတိပြုရမယ့်အချက်ကတော့ လုပ်ငန်းအကြီးအကဲ ခေါင်းဆောင်တိုင်းဟာ အဓိကအရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေတဲ့ Runners တွေရဲ့ စိတ်ဓာတ်တွေကို မပြိုကွဲ မပျက်စီးစေအောင် ထိန်းသိမ်းပေးခြင်းပဲ ဖြစ်ပါတယ်။

အကယ်၍ Runner တစ်ယောက်ရဲ့ စိတ်ဓာတ်ကောင်းတွေ ပြိုကွဲပျက်စီးသွားမယ်ဆိုရင် အဲ့ဒီ Runner ဟာ အရင်ကလောက် သွက်လက်ထက်မြက်ခြင်း၊ စိတ်အားထက်သန်ခြင်းတွေ မရှိတော့ဘဲ ရည်မှန်းချက်ဆိုတဲ့ ဘတ်စ်ကားကို မောင်းရာမှာလည်း သွက်လက်စွာ ရွေ့လျားနိုင်ခြင်းမရှိတာကြောင့် အဘက်ဘက်မှာ နှောင့်နှေးကြန့်ကြာသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့အတွေ့အကြုံအရ Runners တွေကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။ Runners တွေရဲ့ လုပ်နိုင်စွမ်းတွေကို အသိအမှတ်ပြုပြီး လုပ်ငန်းအတွက် အဓိကအရေးပါသူတွေအဖြစ် ဆက်လက် ထိန်းချုပ်ထားနိုင်အောင် ကြိုးစားပါ။

❑

mgyoe.com

mgyoe.com

## ဖြည်းဖြည်းမှန်မှန် ကြိုးစားသူတို့အတွက် ကြောင်းကျိုးညီညွတ်မှု ရှိစေသင့်ပါတယ်...

'ဂျိုအန်' ဟာ ကားပေါ်မှာကြီးကျယ်တဲ့ အလုပ်တစ်ခုကို လုပ်ရတဲ့သူဖြစ်ပြီး သူမကိုယ်တိုင်လုပ်နိုင်တဲ့ အခြေအနေအတွက် များစွာ ကျေနပ်တဲ့သူ ဖြစ်ပါတယ်။ 'ဂျိုအန်' ဟာ ဘယ်အလုပ်ကိုမဆို သွက်လက်ဖျတ်လတ်စွာ လုပ်ကိုင်တတ်ပြီး ဘတ်စ်ကားပေါ် လိုက်ပါစီးနင်းမယ့်သူတိုင်းအတွက် ဘေးကင်းလုံခြုံမှုရှိအောင် အစီစဉ်တိုင်းကို သေချာစွာ စိစစ်တတ်သူ ဖြစ်ပါတယ်။

'ဂျိုအန်' ကို ဘတ်စ်ကားမောင်းသူက အခုလို မကြာခဏ မေးတတ်ပါတယ်။

"ပိုမိုအဆင့်မြင့်ကောင်းမွန်တဲ့ ဘေးကင်းလုံခြုံရေး အစီအစဉ်တွေ ရှိပါသလား..." လို့။ 'ဂျိုအန်' ဟာ ဘတ်စ်ကားထားရှိတဲ့ ဂိုဒေါင်ဆီ နံနက်စောစောသွားရောက်လေ့ရှိတတ်ပြီး တစ်နေ့မှာတော့ သူမထက်အရင် ရှေ့ကရောက်နှင့်ပြီး ဘတ်စ်ကားကို သန့်ရှင်းတောက်ပြောင်အောင် တိုက်ချွတ်သန့်စင်နေတဲ့ 'ယူဖတ်စ်' ကို တွေ့လိုက်ရပါတယ်။

'ယူဖတ်စ်'က ကိုယ်ပေါ်မှာရှိနေတဲ့ ကြွက်သားကြီးတွေ အမြောင်းလိုက်ထအောင် တစ်ကားလုံးကို ကြိုးစားပွတ်တိုက်နေတာကို 'ဂျိုအန်' တွေ့လိုက်ရတယ်။ သူမက 'ယူဖတ်စ်' ရဲ့ ကြိုးစားပမ်းစား အလုပ်လုပ်တတ်ခြင်းကို

mgyoe.com

mgyoe.com

အသိအမှတ်ပြုသော်လည်း တစ်ခါတစ်ရံမှာ ဒါဟာ သက်သက်မဲ့ကြွားလုံး ထုတ်ပြတာ၊ ဟန်လုပ်ပြတာပဲလို့ 'ဂျီအန်' က ယူဆတတ်ပါတယ်။ တကယ်တော့ 'ဂျီအန်' လိုမျိုး ဖြည်းဖြည်းမှန်မှန် ကြိုးစားလုပ်ကိုင်သူတွေအတွက် ကြောင်းကျိုးညီညွတ်မှုရှိတဲ့ အသိအမှတ်ပြုပေးခြင်းတွေလည်း များစွာ လိုအပ်ပါတယ်။

လုပ်ငန်းအတွက် ဖြည်းဖြည်းနှင့်မှန်မှန် ကြိုးစားတတ်သူတွေဟာ ဘယ်အရာကိုမှ ထိခိုက်နစ်နာဆုံးရှုံးစေခြင်း မရှိတတ်ပါဘူး။ အများအားဖြင့် သူတို့ဟာ ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်သူတွေဖြစ်တာကြောင့် ရေရှည်ကာလအတွက် အားကိုးအားထားပြုနိုင်သူတွေ ဖြစ်ပါတယ်။ နောက်ပြီး ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်သူတွေဟာ အခြားလူတွေရဲ့ လုပ်ငန်းတာဝန်တွေအပေါ် စိတ်ဝင်တစားရှိခြင်း၊ စပ်စုခြင်း၊ ကြားဝင်စွက်ဖက်ခြင်း လုံးဝမရှိပါဘူး။ အများအားဖြင့် သူတို့ ကိုင်တွယ်လုပ်ကိုင်ရမယ့် အလုပ်ကိစ္စတွေကိုသာ အာရုံစိုက်တတ်ကြပါတယ်။

ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်သူတွေဟာ မျှတတဲ့ စိတ်နေစိတ်ထားရှိတတ်ကြပြီး အလုပ်တာဝန်တွေကို တိကျစွာ ဆောင်ရွက်တတ်ပါတယ်။ ပြီးတော့ သူတို့လုပ်ကိုင်တဲ့ ဘယ်အလုပ်ကိုမဆို တာဝန်ယူခြင်း၊ တာဝန်ခံခြင်းတွေ အစဉ်ရှိတတ်ကြပြီး ချမှတ်ထားတဲ့ ဥပဒေစည်းမျဉ်းတွေကိုလည်း တိကျစွာ လိုက်နာတတ်ကြပါတယ်။

ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်သူတွေဟာ လုပ်ပုံကိုင်ပုံလုပ်နည်းလုပ်ဟန်တွေအရ ဖြေးဖြေးမှန်မှန်နဲ့ လုပ်ကိုင်တတ်သော်လည်း ရေရှည်မှာ နှောင့်နှေးကြန့်ကြာခြင်းတွေ မဖြစ်စေတတ်ပါဘူး။ ဥပမာအနေနဲ့ သူတို့ဟာ ရည်မှန်းချက်ကိုယ်စားပြုတဲ့ ဘတ်စ်ကားကို အရှိန်လျော့ကျပြီး နှေးကွေးအောင်လုပ်ခြင်း မရှိစေတတ်သလို၊ အန္တရာယ်ကြီးမားတဲ့ အရှိန်အဟုန်နဲ့ ဘတ်စ်ကားကို မောင်းနှင်ခြင်းမရှိအောင်လည်း ထိန်းချုပ်ပေးနိုင်ပါတယ်။ ရှေ့ကနေဦးဆောင်ပြီး ကြိုးစားလုပ်ကိုင်နိုင်စွမ်းရှိတဲ့သူတွေဟာ လုပ်ငန်းအတွက် အားထားရသူတွေဖြစ်သော်လည်း ၎င်းတို့ရဲ့ အရှိန်အဟုန် ပြင်းတဲ့ စွမ်းရည်တွေကြောင့် လုပ်ငန်းအတွင်း တစ်စုံတစ်ရာမဖြစ်အောင် တာဝန်ရှိပုဂ္ဂိုလ်တွေက စီမံ ထိန်းချုပ်ပေးရပါမယ်။ ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစား

mgyoe.com

mgyoe.com

လုပ်ကိုင်တတ်သူတွေဟာ လုပ်ငန်းတာဝန်တွေကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း၊ သတ်မှတ်ကာလထက် စောစီးစွာ ကြိုတင်ပြင်ဆင်နိုင်၊ လက်စသတ်နိုင်ခြင်း၊ အခြေအနေ၊ အချိန်အခါ နေရာဒေသအလိုက် ပြောဆိုဆက်ဆံပြုမူဆောင်ရွက်တတ်ခြင်း၊ တက်ရောက်ရသည့် အခမ်းအနား၊ အစည်းအဝေးပွဲများနှင့် လိုက်ဖက်စွာ ဝတ်စားဆင်ယင်တတ်ခြင်း၊ လုပ်ငန်းတိုးတက်မှုအခြေအနေအရပ်ရပ်အတွက် မြင့်မားသော မျှော်မှန်းချက်များ ထားရှိခြင်း၊ မိမိလိုမျိုး တတ်သိနားလည်စွာနဲ့ လုပ်ကိုင်တတ်သူများ ဖြစ်စေဖို့ အခြားလူတွေကို စိတ်ရှည်ရှည်ထား သင်ပြပေးနိုင်ခြင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက်လိုမျိုး အရာရာ ချင့်ချိန်စဉ်းစားပြီးမှ ခိုင်မာစွာ ဆုံးဖြတ်တတ်ခြင်းဆိုတဲ့ အရည်အသွေးကောင်းတွေ ရှိနေတတ်ပါတယ်။

ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစားတတ်သူတွေဟာ အရည်အသွေး မြင့်မားကြသလောက် မြင့်မားတဲ့ ရာထူးနေရာတွေကို မက်မောတတ်ခြင်း မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားကို ဆွဲယူမောင်းနှင်ပေးမယ့်သူတိုင်းကို ရှေ့ကနေ ဦးဆောင် လုပ်တတ်တဲ့သူတွေချည်းပဲ အဖြစ်မခံနိုင်ဘဲ ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်တဲ့သူတွေပါ ပါဝင်အောင် စီမံပေးရမယ်လို့ ယုံကြည်ထားပါတယ်။

ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်သူတွေဟာ မွေးရာပါ အထုံပါရမီကောင်းတွေ ပြည့်စုံတာကြောင့် လုပ်ငန်းအဖွဲ့အစည်း အတော်များများရဲ့ ငှားရမ်းအသုံးချခြင်း အမြဲခံရသူတွေ ဖြစ်ပါတယ်။ ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစားတတ်သူတွေဟာ ရှေ့ကနေ ဦးဆောင်လုပ်ကိုင်သူတွေလိုမျိုး တစ်ခါတစ်ရံ ချီးမွမ်းခံချင်ကြပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ ကျွန်တော့် လက်အောက်က ဖြည်းဖြည်းမှန်မှန် ကြိုးစားတတ်တဲ့သူတွေနဲ့ ရှေ့ကနေ ဦးဆောင်ပြီး လုပ်ကိုင်တတ်တဲ့သူတွေရဲ့ စွမ်းဆောင်ရည်တွေကို ချိန်ထိုး လေ့လာခဲ့ပါတယ်။

ကျွန်တော့်ရဲ့လက်အောက်က ရှေ့ကနေဦးဆောင်ပြီး လုပ်ကိုင်တတ်တဲ့သူတွေဟာ လုပ်ငန်းကို အရှိန်အဟုန်ကောင်းစွာနဲ့ လည်ပတ်စေပြီး ဖြည်းဖြည်းမှန်မှန် လုပ်ကိုင်တတ်သူတွေကတော့ လုပ်ငန်းအဆင့်တစ်ခုစီ အလိုက်အား သေချာကျနစွာနဲ့ ပြီးစီးအောင် အကောင်အထည်ဖော်ပေးနိုင်တာ တွေ့ရ

mgyoe.com

ပါတယ်။ တကယ်တော့ ရှေ့ကနေဦးဆောင်ပြီး ကြိုးစားလုပ်ကိုင်တတ်သူတွေရော၊ ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစားလုပ်ကိုင်တတ်သူတွေပါ လုပ်ငန်းအတွက် သူ့နေရာနဲ့သူ အသုံးကျသူတွေ ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

## အပြိုင်အဆိုင် လုပ်ကိုင်နိုင်စွမ်းရှိသူတွေက လှုံ့ဆော်တိုက်တွန်းမှုတွေ ကင်းမဲ့နေတတ်ကြပါတယ်...

'ဝမ်ဒါ' ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်တို့ရဲ့ ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားမှာ အလုပ်လုပ်ခဲ့သူ ဖြစ်ပါတယ်။ 'ဝမ်ဒါ' ဟာ ဘတ်စ်ကားကို ဘယ်လိုနေရာမှာ အနည်းငယ် အရှိန်တင်ပြီး မောင်းသင့်တယ်၊ ဘယ်နေရာ–ဘယ်လမ်းကို ရွေးချယ်မောင်းနှင်ပြီး ဘယ်နေရာမျိုးမှာ ကားကို ဘရိတ်အုပ်သင့်တယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး ကောင်းမွန်စွာ နားလည်ထားသူဖြစ်ပါတယ်။ 'ဝမ်ဒါ' ဟာ စွမ်းဆောင်ရည်ကောင်းတွေကို ပိုင်ဆိုင်ထားသလောက် ဘယ်သူနဲ့မဆို အပြိုင်အဆိုင် လုပ်ကိုင်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ 'ဝမ်ဒါ' ဟာ အပြောင်းအလဲကို နှစ်သက်တတ်သူမဟုတ်ဘဲ လက်ရှိ လုပ်ရိုးလုပ်စဉ်တွေ အတိုင်း အကောင်းဆုံးဖြစ်စေဖို့အတွက်သာ ရည်ရွယ်ထားသူ ဖြစ်ပါတယ်။ 'ဝမ်ဒါ' ဟာ အပြိုင်အဆိုင်လုပ်ကိုင်ရဲတဲ့စိတ် ရှိထားတဲ့အပြင် သူတစ်ပါးတွေရဲ့ အပြစ်အနာအဆာတွေကိုလည်း ကောင်းစွာ ထောက်ပြနိုင်သူ တစ်ယောက် ဖြစ်ပါတယ်။

'ဝမ်ဒါ' က ဘတ်စ်ကားကို မောင်းနေစဉ်အတွင်း အဆင်မပြေသော လမ်းကြောင်းတစ်ခုခုသို့ ရောက်သွားသည်ကိုသိတာနဲ့ တစ်ပြိုင်နက် ယာဉ်မောင်းကို ချက်ချင်း သတိပေးတတ်သူ ဖြစ်ပါတယ်။ 'ဝမ်ဒါ' ဟာ ရှေ့ကနေ

mgyoe.com

mgyoe.com


ဦးဆောင်ပြီး လုပ်ကိုင်နိုင်စွမ်းရှိတဲ့ 'ယူဖတ်စ်' နဲ့ ဖြည်းဖြည်းမှန်မှန် ကြိုးစားလုပ်ကိုင်တတ်တဲ့ 'ဂျိုအန်' တို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ကြည့်ပြီး လုံးဝနားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။

'ဝမ်ဒါ' ကတော့ သူမလုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်တိုင်းအပေါ် အရည်အချင်းပြည့်ဝစွာနဲ့ အပြိုင်အဆိုင်လုပ်နိုင်ခဲ့ရင် အမှားအယွင်း အပြစ်အနာအဆာကင်းတဲ့ အောင်မြင်မှုကို ရရှိလိမ့်မယ်လို့ ခိုင်မာစွာ ယုံကြည်ထားခဲ့ပါတယ်။ ကျွန်တော့်ဘဝရဲ့ တစ်သက်တာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်ခဲ့သမျှ အတွေ့အကြုံတွေအရ အချို့သောအလုပ်သမားတွေဟာ စွမ်းဆောင်ရည်အားကောင်းတဲ့ အလုပ်သမားတွေကို ရင်ပေါင်တန်းပြီး လုပ်ကိုင်နိုင်စွမ်း မရှိကြပါဘူး။ တကယ်တော့ သူတို့က အခြားသူတွေကို မီအောင်လိုက်မလုပ်နိုင်သလို အပြိုင်အဆိုင် ကြိုးစားလုပ်ကိုင်လိုတဲ့စိတ်လည်း လုံးဝမရှိကြပါဘူး။

လုပ်ငန်းအတွင်း ရှိသမျှစွမ်းဆောင်ရည်တွေနဲ့ အကောင်းဆုံး အပြိုင်အဆိုင် ကြိုးစားတတ်သူတွေဟာ လုပ်ငန်းအဖွဲ့အစည်းအတွင်း သူတို့မြင်ရတဲ့အမှားတွေကို ထောက်ပြနိုင်ကြသူတွေဖြစ်ပြီး အဲ့ဒီလိုထောက်ပြနိုင်ခြင်း အပေါ်မှာလည်း ကျေနပ်ဂုဏ်ယူတတ်သူတွေ ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ အပြိုင်အဆိုင် ကြိုးစားတတ်သူတွေဟာ သူတို့အပေါ် ကျရောက်အံ့ဆဲဆဲ ပြဿနာ အခက်အခဲတွေကိုလည်း လမ်းလွဲအောင် လုပ်နိုင်သူတွေ ဖြစ်ကြပါတယ်။ အပြိုင်အဆိုင် ကြိုးစားတတ်သူတွေဟာ ရှေ့ကနေ ဦးဆောင်ပြီး လုပ်ကိုင်တတ်သူတွေ၊ ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစားတတ်သူတွေရဲ့ အရည်အချင်းနဲ့ အရည်အသွေးတွေကို ဘယ်တော့မှ အသိအမှတ်မပြုတတ်ကြပါဘူး။

အပြိုင်အဆိုင် ကြိုးစားလုပ်ကိုင်တတ်သူတွေဟာ စွမ်းဆောင်ရည် အားနည်းပြီး ပြစ်ချက်များတဲ့သူတွေကို ဘယ်တော့မှ ထိပ်တန်းရောက်မလာရအောင် တားဆီးပိတ်ပင်တတ်ကြသလို အမြင့်ကိုရောက်ဖို့ ကြိုးစားနေတဲ့သူတွေ ကိုလည်း အောက်ကိုဆွဲချနိုင်ဖို့အတွက် အစဉ်အမြဲ အပြစ်ရှာတတ်ကြပါတယ်။ သတိပြုရမယ့်အချက်ကတော့ လုပ်ငန်းအဖွဲ့အစည်းအတွင်း အပြိုင်အဆိုင် လုပ်ကိုင်ကြိုးစားတတ်သူတွေ ထိုက်သင့်သလောက် ရှိသင့်သော်လည်း အရေအတွက်များလွန်းပါက စွမ်းဆောင်ရည်ကောင်းရှိသူတွေ

mgyoe.com

mgyoe.com


အတွက် အနှောင့်အယှက် ဖြစ်စေပါတယ်။

အပြိုင်အဆိုင် ကြိုးစားလုပ်ကိုင်တတ်သူတွေဟာ သူတစ်ပါးရဲ့ အကျိုးစီးပွား တိုးတက်ရေးထက် သူတို့ရဲ့ကိုယ်ကျိုးစီးပွား တိုးတက်ရေးကို အဓိကထားတတ်သူတွေ ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com


## ထိန်းချုပ်မောင်းနှင်သူအဖြစ် ဟန်ဆောင်ခြင်းက ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်...

'ရစ်ဒ်လေ' က နေ့စဉ် နံနက်တိုင်း မိနစ်အနည်းငယ် နောက်ကျပြီးမှ ကားဂိုဒေါင်ဆီ ရောက်လာလေ့ ရှိပါတယ်။ ရစ်ဒ်လေကို နံနက်ပိုင်း တာဝန်ထမ်းဆောင်သူ မဟုတ်မှန်း အားလုံးက သိကြပါတယ်။ 'ရစ်ဒ်လေ' တို့လို လူမျိုးတွေက ရည်မှန်းချက် ကိုယ်စားပြုတဲ့ ဘတ်စ်ကားကို မောင်းနှင်ရာမှာ သူတကာထက် ပိုပြီး အလုပ်လုပ်တတ်တဲ့ ဟန်ပန်နဲ့ အစဉ်အမြဲ ဟန်ဆောင်တတ်တာကြောင့် အပိုင်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်တဲ့သူတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။

အဲ့ဒီလိုဟန်ဆောင်တတ်တဲ့သူတွေဟာ ဘော့စ်ဖြစ်သူ ရှိနေစဉ်အတွင်း အလုပ်ကြိုးစားတဲ့ဟန် ပြတတ်ကြပြီး ကျန်တဲ့အချိန်တွေမှာတော့ လက်ထဲမှာ ဘီယာခွက်နဲ့ စီးကရက်ကို ညှပ်ထားတတ်ကြပါတယ်။ တစ်ခါတစ်ရံမှာလည်း သူတို့ဟာ သတင်းစာ၊ ဂျာနယ်တွေ တစ်စောင်ပြီး တစ်စောင် ဖတ်ရှုရင်းနဲ့ အချိန်တွေ ကုန်တတ်ကြပါတယ်။ နောက်ပြီး လုပ်ငန်းအတွင်း ဟန်ဆောင်လုပ်ကိုင်တတ်သူတွေဟာ အခြားလူတွေအပေါ် အပြစ်ရှာတတ်သလို သူတို့လုပ်ကိုင်ရတဲ့ အလုပ်တွေအပေါ်မှာလည်း အစဉ်အမြဲ စိတ်ကျေနပ်မှု မရှိတတ်ကြပါဘူး။

mgyoe.com

mgyoe.com


လုပ်ငန်းခွင်အတွင်း အဓိကအရေးပါသူ၊ ထိန်းချုပ်မောင်းနှင်ရသူတွေအဖြစ် ဟန်ဆောင်တတ်တဲ့သူတွေဟာ အဖွဲ့အစည်းရဲ့အောင်မြင်မှုတွေနဲ့ ပတ်သက်ပြီးဘယ်တော့မှ အာရုံစိုက် စိတ်ဝင်စားတတ်ခြင်းမရှိပါဘူး။ ပိုဆိုးတာ က သူတို့ရဲ့တိုးတက်အောင်မြင်ရေးကိုတောင် အလေးထားအာရုံစိုက်တတ်ခြင်း မရှိပါဘူး။ ဒါကြောင့်လည်း သူတို့တွေကို အဖွဲ့အစည်းအတွက် မကောင်းတဲ့ စွမ်းအင်ထုတ်ပေးတဲ့သူတွေအဖြစ် အများက သတ်မှတ်ထားကြပါတယ်။

အဓိကအရေးပါတဲ့ လုပ်ငန်းတွေထဲက လုပ်ငန်းတစ်ခုဖြစ်တဲ့ တယ်လီဖုန်းအော်ပရေတာရဲ့ လုပ်ငန်းတာဝန်အရ အများပြည်သူတွေနဲ့ အချိန်တိုင်းလိုလို ထိတွေ့ဆက်ဆံရပါတယ်။ အကယ်၍ အဲ့ဒီလုပ်ငန်းမှာ တာဝန်ထမ်းဆောင်တဲ့ အော်ပရေတာတစ်ယောက်ဟာ ဟန်ပါပါ ပြုမူနေထိုင်တတ်ပြီး ပြောဆိုဆက်ဆံရေး ညံ့ဖျင်းတယ်ဆိုပါက အဲ့ဒီဝန်ထမ်းကြောင့် နောက်တစ်ချိန် ပြဿနာကြီးငယ်ဖြစ်မလာခင် အလုပ်ကနေ ဖယ်ရှားပေးရမှာ ဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com


## စစ်မှန်သော မောင်းနှင်သူတွေက အဖွဲ့အစည်းတစ်ခုလုံး၏ ဦးတည်ရာကို မှန်ကန်စွာ ထိန်းကျောင်းပေးပါတယ်...

'ဒယူး' ဟာ မကြာသေးခင်က ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားရဲ့ ဒရိုင်ဘာအကြီးအကဲတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ အထူးတာဝန်ကတော့ ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားကို အရှိန်အဟုန်ကောင်းစေဖို့၊ နွံထဲ သဲထဲမှာတောင် ကောင်းမွန်စွာ ရုန်းကန်မောင်းနှင်နိုင်စေဖို့ တာဘိုအင်ဂျင် ကောင်းကောင်းနဲ့ အသွင်ပြောင်းပေးဖို့ပဲ ဖြစ်ပါတယ်။

'ဒယူး' က သူ့ရဲ့ အထူးတာဝန်ကို ပြီးပြည့်စုံစေဖို့ လုပ်ငန်းအသင်းအဖွဲ့ရဲ့ အင်အားကောင်းကောင်း လိုအပ်ပါတယ်။ အင်အားကောင်းတဲ့ လုပ်ငန်းအဖွဲ့အစည်းဆိုရာမှာ 'ဒယူး' ကို အမှန်တကယ် ကူညီပေးနိုင်မယ့်၊ ရည်မှန်းချက် ကိုယ်စားပြု ဘတ်စ်ကားကို အရှိန်ကောင်းစွာနဲ့ မှန်မှန်ကန်ကန် ထိန်းကျောင်းပေးနိုင်မယ့် နည်းလမ်းကောင်းပေးနိုင်သူတွေကို ဆိုလိုပါတယ်။

'ရွှန်ကလာ့ခ် အကယ်ဒမီ' မှာ ရှိစဉ်တုန်းက ကျွန်တော်ဟာ ကျွန်တော်တို့ ရည်မှန်းချက်ကိုယ်စားပြု ဘတ်စ်ကားရဲ့ ဒရိုင်ဘာတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ဦးတည်ရာကို မှန်ကန်စွာ ထိန်းကျောင်းဖို့အတွက် ကျွန်တော်ရဲ့ ကိုယ်ပိုင်လောကအမြင်ကို ကောင်းမွန်စွာ တည်ထောင်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံး ရှေ့ကဦးဆောင်ပြီး

mgyoe.com

mgyoe.com


ကြိုးစားလုပ်ကိုင်နိုင်စွမ်းရှိသူတွေ၊ ဖြည်းဖြည်းမှန်မှန် ကြိုးစားသူတွေ၊ အပြိုင်အဆိုင် လုပ်ကိုင်နိုင်စွမ်းရှိသူတွေကို သူ့နေရာနဲ့သူ အသုံးချလိုခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခဲ့တဲ့ အစောပိုင်း ကာလတွေမှာ ထူးခြားတဲ့ အကြောင်းကိစ္စတွေ များစွာပေါ်ပေါက်ခဲ့ပါတယ်။ ကျွန်တော်က ရှေ့ကနေ ဦးဆောင်လုပ်ကိုင်တတ်သူတွေ၊ ဖြည်းဖြည်းနှင့်မှန်မှန် ကြိုးစားတတ်သူတွေ၊ အပြိုင်အဆိုင် လုပ်ကိုင်နိုင်စွမ်းရှိသူတွေ၊ ဟန်ဆောင်လုပ်ကိုင်သူတွေ ရောနှောနေတဲ့ ကျောင်းတစ်ကျောင်းမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော် သိလိုက်ရတာကတော့ အဲ့ဒီကျောင်းမှာ ဟန်ဆောင်လုပ်ကိုင်တဲ့သူတွေက ထူးထူးခြားခြား ဆိုးရွားနေခြင်းပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ဆရာလုပ်တဲ့သူတွေက ပိုပြီး ဆိုးတာကို တွေ့ရပါတယ်။ နေ့စဉ် နေ့တိုင်း ဆရာမဖြစ်သူက ကျောင်းသားတွေကို လေ့ကျင့်ခန်းစာရွက်တွေ ဝေပေးပြီးတာနဲ့ သူမရဲ့စားပွဲမှာ သွားထိုင်ပြီး မဂ္ဂဇင်းဖတ်နေတတ်ပါတယ်။ တကယ်လို့ ကျောင်းသားတွေဘက်က ဆူညံသံထွက်လာတဲ့အခါ ဆရာမလုပ်သူက 'ပါးစပ်ပိတ်ထားကြစမ်း!' ဆိုတဲ့ အော်ငေါက်သံနဲ့အတူ တားဆီး တတ်ပါတယ်။ ကျွန်တော်က ဆရာတစ်ယောက်ဖြစ်ပေမယ့် ဒီလိုအပြုအမူကိုတော့ မလိုလားပါဘူး။

ကျွန်တော်က ပညာသင်ကျောင်းသားတွေဖြစ်တဲ့ ကလေးငယ်တွေရဲ့ ဘဝကို စဉ်းစားမိပြီး စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ဟန်ဆောင်လုပ်ကိုင်တတ်သူတွေများနေတဲ့ ဘယ်အခန်းကဏ္ဍမှာမဆို အဆင်မပြေမှုတွေက ဒုနဲ့ဒေး ရှိနေမှာဖြစ်ပြီး ဘယ်သောအခါမှလည်း သိသာထိရောက်တဲ့ တိုးတက်မှုတွေ ဖြစ်မလာနိုင်တာကို ကျွန်တော်ကိုယ်တိုင် နားလည်သဘောပေါက်ခဲ့ပါတယ်။ ကျွန်တော်က ကလေးတွေနဲ့ ပတ်သက်ပြီး စဉ်းစားမိတိုင်း အိပ်ရေးပျက်ဖန်များလာပေမယ့် သနားစရာကောင်းလှတဲ့ ကလေးတွေအတွက် တစ်ခုခု အဖြေထွက်အောင် ကြိုးစားဖို့ နည်းလမ်းရှာကြံခဲ့ပါတယ်။

အလုပ်ကြိုးစားနေဟန်ပြနေတဲ့ ဆရာမတစ်ယောက်ရဲ့ အော်ငေါက်ဟိန်းဟောက်မှုတွေ ပညာသင်ချင်တဲ့ ကလေး/ကျောင်းသားတွေရဲ့ စာသင်ချင်တဲ့စိတ်ကို ဖြည်းဖြည်းချင်း ထိခိုက်ပျက်စီးစေတယ်ဆိုတာ မဖြစ်သင့်ပါ

mgyoe.com

ဘူး။ ဒါကြောင့်လည်း နောက်တစ်နေ့မှာ အဲ့ဒီဆရာမရှိနေတဲ့ စာသင်ခန်းထဲကို ဝင်သွားပြီး ကျွန်တော်နဲ့အတူ ကလေးတွေကို တွဲဖက်သင်ကြားခြင်း လုပ်ဖို့ သဘောတူသလား ... လို့ သူမကို မေးလိုက်တယ်။

ကျွန်တော့်ဘက်က ပျော်စရာကောင်းမယ့် အစီအစဉ်တစ်ခုကို ရေးဆွဲခဲ့တဲ့အကြောင်း၊ အဲ့ဒီအစီအစဉ်က စာသင်တဲ့ ဆရာ/ဆရာမတွေ အတွက်ရော ကျောင်းသား/ကလေးသူငယ်တွေအတွက်ပါ အကျိုးရှိမှာကို ကျွန်တော် ယုံကြည်ထားတဲ့အကြောင်း ပြောပြတော့ အဲ့ဒီဆရာမက မျက်လုံး နည်းနည်းတော့ ပြူးသွားတယ်။ ပြီးမှ သူမက ပြန်ပြောတယ်။

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲရှင် ... ဒါ မဖြစ်မနေ လုပ်သင့်တဲ့ကိစ္စပဲ"

ခဏအကြာ ဆရာမ စဉ်းစားလိုက်တဲ့ဟန်နဲ့ နှုတ်ဆိတ်သွားတယ်။ နောက်တော့ ကျွန်တော့်ကို အခုလို ဆက်ပြောလိုက်တယ်။

"ကျွန်မကတော့ ကျွန်မရဲ့ကိုယ်ပိုင်စနစ်နဲ့ပဲ သင်ကြားချင်တယ်။ ကျွန်မ လက်တွေ့အသုံးချပြီး အမှန်တကယ် အောင်မြင်နေတဲ့ နည်းလမ်းဆိုလည်း မမှားပါဘူး"

ဆရာမရဲ့စကားကြောင့် ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေ မှေးမှိန်ပျောက်ကွယ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်ဘက်က အလွယ်တကူ လက်မလျှော့ချင်သေးပါဘူး။ ဒါကြောင့် ကျွန်တော်က သူမရဲ့မျက်လုံးထဲကို စူးစူးရှရှ ကြည့်ပေးလိုက်တယ်။ နောက်တော့မှ ...

"ကျွန်တော့်ရဲ့ အစီအစဉ်အတွက် ဆရာမကို မဖြစ်မနေလိုအပ်ပါတယ်။ ဆရာမက သင်္ချာသင်တာကောင်းတဲ့ ဆရာမတစ်ယောက်မှန်း ကျွန်တော် သိထားတယ်။ ကျွန်တော်က ဆရာမနဲ့ တွဲဖက်ပြီး သင်ကြားရေးလုပ်မှသာ ဆရာမဆီကနေ ပညာတွေ သင်ယူလို့ရမှာပါ.." လို့ တစ်ခါတည်း ပြောချပစ်လိုက်တယ်။

ကျွန်တော့်အတွက်တော့ ကောင်းကင်ဘုံတံခါးကြီးက ကျွန်တော့်အတွက် ဖွင့်ပေးလိုက်တဲ့အလား အံ့သြဝမ်းသာ ဖြစ်လိုက်ရပါတယ်။ အကြောင်းကတော့ ဆရာမက အားပါးတရ ပြုံးလိုက်ပြီး ကျွန်တော့်စကားကို ထောက်ခံလိုက်လို့ပါ။ သူမက ကြွားလုံးထုတ်ပြီး ပြန်ပြောပေမယ့်လည်း ကျွန်တော် အမှန်တကယ် ကျေနပ်မိပါတယ်။

mgyoe.com